# မေတ္တာပန်းတနင်္ဂနွေနေ့

ရှင်မာကူး ၁၄း၁ - ၁၅း၄၇

ဘဝမှာ လူတိုင်း တစ်နည်းမဟုတ် တစ်နည်း ဒုက္ခခံကြရတာပါပဲ။ ဘယ်သူမှ မလွတ်ပါဘူး။ တစ်ချို့ ဒုက္ခက ခံရတာ လွယ်တယ်။ ဥပမာ - ကိုယ့်အမှားကြောင့် ကိုယ့်အပြစ်နဲ့ကိုယ် ခံရတာမို့ ခံရတာ လက်ခံနိုင်ပါတယ်။ ဒီအခါ ကိုယ့်အမှားကနေ ကိုယ့်အတွက် သင်ခန်းစာယူရတာပေါ့။ ဒါ ဘုရားက ငါ့ကို ဒဏ်ခတ်တာလို့ လွဲလွဲမှားမှား မခံယူပဲ ၊ ကိုယ့်အတွက် ဘုရားက သန့်စင်ပေးလိုက်တာလို့ ခံယူတတ်ရင် ပါရမီတောင် တိုးပွါးလာစေပါတယ်။

လူ့သဘာဝအတိုင်း ဖျားနာရင်လည်း မညီးမညူပဲ ခံထမ်းနိုင်ပါသေးတယ်။ လူပဲလေ၊ တစ်နေ့တော့ သေရအုံးမှာဘဲ မဟုတ်ဘူးလား။ ဒါပေမဲ့ ခံထမ်းဖို့ ခက်တဲ့ ဒုက္ခကတော့ ကိုယ့်အမှားလည်းမရှိဘဲနဲ့ သူတစ်ပါးကြောင့် ခံရတဲ့ဒုက္ခပါပဲ။ ဥပမာ - ကိုယ့်အိမ်ထောင်ဖက်က သူများနဲ့ ဖောက်ပြန်နေလို့ ကိုယ့်မှာပါ ရောဂါကူးစက်လာရတာမျိုး။ မိဘက အေအိုင်ဒီအက်စ် ရောဂါရှိလို့ ဘာမှမဆိုင်တဲ့သားသမီးက ရောဂါရတာမျိုးဆိုရင် ခံရခက်ပါတယ်။

ဒီထက်ပိုပြီး ခံထမ်းရတာအခက်ဆုံးဒုက္ခကတော့ ကိုယ့်မှာ ဘာအပြစ်အမှားမျှမရှိဘဲနဲ့ သူတစ်ပါးက တမင်သက်သက် မုန်းလို့ ထိခိုက်စော်ကားတာဆိုရင် ခံရခက်ပါတယ်။ ကိုယ်ချစ်တဲ့လူက ကိုယ့်ကို မုန်းလို့လုပ်တာဆိုရင် ကိုယ်ခန္ဓာ နာတာထက် စိတ်နာမိတယ်။ ဒီလို ခံရခက်တဲ့ဒုက္ခတွေကို ဘယ်လိုလုပ် ခံထမ်းကြမလဲ။ ဘယ်လိုမှ မခံထမ်းနိုင်တဲ့အဆုံး "အို ကျွန်ုပ်၏ဘုရား၊ ကျွန်ုပ်၏ဘုရား၊ အဘယ့်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်ထားတော်မူပါသနည်း။" လို့ပဲ အော်ဟစ်ရုံ ရှိတော့မှာပေါ့။ " ကျွန်ုပ်ကို မြင်ကြသူတိုင်းက ပြက်ရယ်ပြုကြပါ၏။ သူတို့သည် မဲ့ရွဲ့ကာ ခေါင်းကို ယမ်းလျက် ဤသူသည် ထာဝရဘုရားသခင်ကို ခိုလှုံကိုးစားသောသူဖြစ်၏။ သူ၏ဘုရားသခင်သည် သူ့ကို ကယ်တင်ပါလေစေ။" ဘုရားကို ဒီလောက် ယုံကြည်အားကိုးတဲ့ကောင် အခုတော့ မင်းရဲ့ဘုရားက မင်းကို ဘာကယ်နိုင်လို့လဲ - လို့ စိန်ခေါ်ခံနေရပြီ။ မှန်ပါတယ်၊ ယနေ့ဖတ်ရတဲ့ဆာလံကတော့ ဒုက္ခခံထမ်းမည့် ယေဇူးဘုရားရှင်ကို ရည်ညွှန်းပြီး ကြိုတင်ရေးထားတာပါ။

အမှန်တကယ်ပဲ ယေဇူးဘုရားရှင်က ကျနော်တို့ရဲ့ဒုက္ခတွေကို ခံထမ်းတော်မူခဲ့ပါတယ်။ ယေဇူးဘုရားရှင်ရဲ့ဘဝတစ်လျှောက်လုံး ခံထမ်းခဲ့ရတဲ့ဒုက္ခတွေအားလုံးကို ကြည့်မယ်ဆိုရင် ကျနော်တို့ ခံထမ်းရတဲ့ဒုက္ခတွေထက် ပိုပြီးခံရပါတယ်။ နောက်ပြီး သူ့အပြစ်ကြောင့် သူခံထမ်းရတာလည်း မဟုတ်ဘူး၊ ကျနော်တို့အပြစ်ကြောင့် သူခံထမ်းရတာပါ။ သူနဲ့ အနီးစပ်ဆုံး တပည့်တော်ကြီး ယုဒက သစ္စာဖောက်တာလည်း ခံခဲ့ရတယ်။ သူ့ရန်သူတွေရဲ့ မတရား အမှုစွဲပြီး မဟုတ်မမှန် အပြစ်စီရင်ခံခဲ့ရတယ်။ အနှိမ်ခံခဲ့ရတယ်။ ကဲ့ရဲ့ခံခဲ့ရတယ်။ "ကိုယ့်ကိုယ်ကို ဘုရားဖြစ်တယ်ဆိုရင် အခု လက်ဝါးကားတိုင်ပေါ်က ဆင်းခဲ့စမ်းပါ" လို့ စိန်ခေါ်ခံခဲ့ရတယ်။

ယေဇူးဘုရားရှင် ခံထမ်းတော်မူတဲ့ဒုက္ခဝေဒနာမှ ကျနော်တို့ ဘာသင်ခန်းစာရသလဲဆိုရင် အကြမ်းမဖက်တဲ့နည်းနဲ့ပဲ ရန်သူကို တုန့်ပြန်ဖို့ သင်ပေးပါတယ်။ " ငါသည်လည်း မငြင်းဆန်၊ နောက်သို့ မဆုတ်။ ရိုက်သောသူအား ငါ့ကျောကိုငင်း၊ မုတ်ဆိတ်ကို နှုတ်သောသူအား ငါ့ပါးကိုငင်း၊ ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံထွေးထွေးခြင်းမှ ငါသည် ကိုယ့်မျက်နှာကို မလွှဲ။"

ယုဒက သခင်ယေရှုကို နမ်းပြီးအပ်နှံတာကို တပည့်တော်ကြီးတွေက ဒါးနဲ့ ဝင်ခုတ်တာကိုတောင် တားမြစ်တဲ့အပြင် နားရွက်ပြတ်သွားတဲ့သူကို ပြန်ပြီး တန်ခိုးတော်နဲ့ အကောင်းပကတိအတိုင်း ဖြစ်စေလိုက်တယ်။

ယေရှုဘုရားရှင်က ဒီလိုဒုက္ခတွေကို ဘာကြောင့် ခံထမ်းနိုင်တာလဲ။ ကျနော်တို့ကို ချစ်လို့ပါ။ သိတ်ချစ်တဲ့သူက ဘယ်လိုဒုက္ခမျိုးမဆို ခံထမ်းနိုင်တယ်။ ပေတရုးလိုတော့ ကြောက်ပြီး (၃)ခါ ငြင်းပယ်မှာတောင် မဟုတ်ပါဘူး။ သခင်ယေရှုဘက်ကမှန်မှန်း သိရဲ့သားနဲ့ ပီလတ်တူးမင်းလိုတော့ ကြောက်ပြီး သေဒဏ်စီရင်မှာ မဟုတ်ပါဘူး။

ဒီလို ဒုက္ခတွေ ကြုံတွေ့နေရတာတောင်မှ သခင်ယေရှုအပေါ် ဆက်ပြီး သစ္စာရှိတဲ့သူ တစ်ချို့ ကျန်ပါသေးတယ်။ စီမုန်စီရေနေဦးက သခင်ယေရှုကိုယ်စား ကားတိုင်ကို ကူထမ်းခဲ့ပါတယ်။ အာရိမာတေဦးမြို့သား ဇူဇယ်နဲ့ နီကောဒေမူးတို့ကလည်း ဘုရင့်ထံအခွင့်တောင်းပြီး သခင်ယေရှုရဲ့ အလောင်းတော်ကို သင်္ဂြိုလ်ပေးခဲ့ကြပါတယ်။

ဘာသာသူတို့ ကျနော်တို့လည်း ဒီလို ဒုက္ခတွေ ကြုံတွေ့နေရရင်လည်း သခင်ယေရှုအပေါ်မှာ ဆက်ပြီး သစ္စာရှိနိုင်ဖို့ ခွန်အားကို ဘယ်လိုရယူရမလဲ။ ယနေ့ ပထမကျမ်း ဟေရှာယကျမ်းစာမှာ "ငါသည် ပင်ပန်းသောသူအား မစခြင်းငှါစကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အား ပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကို နှိုးတော်မူပြီ။ စာသင်သောသူကဲ့သို့ နားထောင်စေမည့်အကြောင်း ငါ့နားကို နှိုးဆော်တော်မူပြီ။" ဆိုတဲ့အတိုင်း ကျနော်တို့ကိုလည်း သင်ကြားပေးဖို့ နားထောင်တတ်ဖို့ ဘုရားသခင်ထံ တောင်းလျှောက်ကြရပါမယ်။ ဒီလို ဒုက္ခတွေကို ရင်ဆိုင်နိုင်ဖို့ ဘုရားသခင်ထံတော်မှာ အကူအညီတောင်းခံရပါမယ်။ "အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်ရှောက်တော်မူလိမ့်မည်။ ထို့ကြောင့် ငါမရှုံးရသည်ဖြစ်၍ ကိုယ့်မျက်နှာကို မီးကျောက်ကဲ့သို့ထားလျက် အရှက်မကွဲစေရဟု ငါသိ၏။"

နောက်ဆုံး ကျနော်တို့မှာ ဘယ်လို အခက်အခဲတွေပဲကြုံကြုံ ဘုရားသခင်ထံမှာ ကိုယ့်ဘဝတစ်ခုလုံး အပ်နှံဖို့လိုအပ်ပါတယ်။ ယုံကြည်စိတ်ချပါ။ "အိုအဖ၊ ကျွန်ုပ်၏စိတ်ဝိညာဉ်ကို ကိုယ်တော်၏လက်တော်၌ အပ်လိုက်ပါပြီ " လို့ ယေရှုဘုရားရှင်လို အဖခမည်းတော်ဘုရားကို ယုံကြည်စိတ်ချဖို့ လိုအပ်ပါတယ်။ ဒါကြောင့်လည်းပဲ ကိုယ့်ကို သတ်တဲ့သူတွေအပေါ်မှာတောင် ဆုတောင်းပေးနိုင်စွမ်း ရှိတာပါ။ "အိုအဖ၊ သူတို့လုပ်တာတွေကို သူတို့မသိလို့ ခွင့်လွှတ်တော်မူပါ"

ကျနော်တို့အတွက် အလိုအပ်ဆုံးက ယေရှုဘုရားရှင်ထံ ဆုတောင်းနေဖို့ပါ။ ဒါကြောင့် ယေရှုဘုရားရှင်က "စီမုန်၊ စီမုန်၊ စာတန်သည် သင်တို့ကို ဂျုံစပါးကဲ့သို့ ဆန်ခါနှင့်ချရန် တောင်းဆို၏။ သို့သော် သင်၏ယုံကြည်ခြင်း မလျော့နည်းစေရန် ငါသည် သင့်အတွက် ဆုတောင်းခဲ့ပြီ။ သင်တစ်ဖန် ပြောင်းလဲလာသောအခါ သင်၏ညီအစ်ကိုများကို ခွန်အားဖြည့်တင်းပေးပါလော့" လို့ မိန့်တော်မူပါတယ်။(လုကာ ၂၂း၃၁) ယေရှုဘုရားရှင်က ကျနော်တို့အတွက် အမြဲ ဆုတောင်းပေးနေလို့ ကျနော်တို့ဟာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေတာ မဟုတ်ပါဘူး။ ယေရှုဘုရားရှင် ဒုက္ခမခံခင် အချိန်လေးမှာပဲ ယေရှုဘုရားရှင်က အိပ်ပျော်နေတဲ့တပည့်တော်ကြီးတွေကို "နှောင့်ယှက်ခြင်းသို့ မပါဝင်စေရန် ဆုတောင်းကြလော့" လို့ သတိပေးတော်မူခဲ့ပါတယ်။ ဒါကြောင့် အခုလာမည့် သန့်ရှင်းသော အခါတော်နေ့ကြီးများ Holy Week အတွင်းမှာ ပိုမိုဆုတောင်းကြပါ။ ဘုရားနဲ့

ပေါင်းစပ်ခြင်းကသာ သင့်ကို ပြည့်စုံစေမှာဖြစ်လို့ ကြာသပတေးနေ့ကြီး၊ သောကြာနေ့ကြီး ၊ စနေနေ့ကြီးနဲ့ ပါစကားပွဲတော်ရက်များကို အဓိပ္ပါယ်ရှိရှိ ပါဝင်ဝတ်ပြုကြပါ။ ဆိတ်ငြိမ်စွာဖြင့် ဘုရားကို အာရုံပြု ဆုတောင်းနေရင် ပါစကားနက်နဲရာအတိုင်း မကောင်းအပြစ်ဒုစရိုက်လုပ်နေရာမှ ပါရမီတွေနဲ့ နေထိုင်နိုင်ပါလိမ့်မယ်။ သေနိုင်တဲ့ဘဝအသက်တာမှ မသေနိုင်တဲ့ဘဝအသက်တာသို့ ပြောင်းလဲလာပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။